# မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်း နှင့် ကလေးသူငယ်တစ်ဦး၏ နိုင်ငံသား ရပိုင်ခွင့်

မိမိတို့ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists - ICJ) အဖွဲ့မှ ဥပဒေကြမ်းတွင် ဖော်ပြထားသည့် အထူးသဖြင့် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အရ မြန်မာနိုင်ငံမှလိုက်နာ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကိုဆောင်ရွက်ဖို့ရန် ရည်ရွယ်၍ ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ကြောင်းအပါအဝင် ထုတ်ပြန်ထားသည့် ရည်ရွယ်ချက်များကို ယေဘုယျ အားဖြင့် ကြိုဆိုပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်-ICJ မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ထံသို့ မိမိတို့ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်-ICJ အဖွဲ့၏ ဥပဒေကြမ်းအပေါ် တွေ့မြင်သုံးသပ်ချက်များကို ဇွန်လ (၁၉) ရက်နေ့နှင့် ဇူလိုင်လ(၂) ရက်နေ့များတွင် ပေးပို့ တင်ပြခဲ့ပါသည်။ ဤဥပဒေအနှစ်ချုပ်သည် ၂၀၁၉ ခုနှစ် ဇူလိုင်လလယ်၌ ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဥပဒေကြမ်းအပေါ် ထပ်မံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမှ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များ ကော်မရှင် -ICJ ၏ သုံးသပ်လေ့လာချက်များကို ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် အသိပေး မျှဝေပေးဖို့ရန် ရည်ရွယ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်- ICJအနေဖြင့် ဖတ်ရှုထားသော ဥပဒေကြမ်းအပေါ်သုံးသပ်ချက်များအရ ဤဥပဒေကြမ်းကို အတည်ပြုပြီး ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခဲ့ပါက လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းရှိ လူမျိုး သို့မဟုတ် မျိုးနွယ်စု အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခံရသည့် ကလေးသူငယ်များ၏ အခွင့်အရေးများ၊ ထိုသို့ ခွဲခြား ဆက်ဆံခံရခြင်း၏ အကျိုးဆက်ကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကို အကာအကွယ်ပေးရန် သိသာထင်ရှားသောအခွင့်အရေးတစ်ရပ်ကို ဆုံးရှုံးသွားနိုင်သည့်အတွက် မိမိတို့ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်-ICJ အဖွဲ့မှ စိုးရိမ်မိ ပါသည်။ လက်ရှိ ဖတ်ရှုထားသည့် ဥပဒေကြမ်းအရ ၎င်းသည် ကလေးသူငယ်တစ်ဦး၏ မြန်မာနိုင်ငံသား ဖြစ်ပိုင်ခွင့်ကို အပြည့်အဝ ကာကွယ်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် လက်ရှိ ရေးဆွဲထားသည့် ဥပဒေကြမ်း၏မူဘောင် တစ်ရပ်သည် ၎င်း၏ ဖော်ပြထားသည့်ရည်ရွယ်ချက်များနှင့် ကိုက်ညီခြင်း မရှိသည့်အပြင် ကုလသမဂ္ဂကလေး သူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အရ မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရား များကို လိုက်နာရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ဖို့ရန် ပျက်ကွက်နေပါသည်။

ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေး သဘောတူညီချက်ပါ အပိုဒ် ၇ အရ ကလေးသူငယ်များ၏ နိုင်ငံသားရပိုင်ခွင့်ကို အကာအကွယ်ပေးထားပြီး နိုင်ငံများအနေဖြင့် ယင်းတို့၏ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များကြောင့် ကလေးသူငယ်များ နိုင်ငံမဲ့ ဖြစ်မလာစေရန် တာဝန်ရှိပါသည်။

(၁) ကလေးသူငယ်များသည် မွေးပြီးပြီးခြင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး နာမည်ရရှိဖို့ရန်၊ နိုင်ငံတစ်နိုင်ငံ၏ လူမျိုး (nationality) ဖြစ်ဖို့ရန် နှင့် တတ်နိုင်သမျှ ကလေး၏ မိဘများမှ စောင့်ရှောက်ခွင့်နှင့် မိဘများမည်သူမည်ဝါဆိုသည်ကို သိနိုင်ဖို့ရန် မွေးရာပါ အခွင့်အရေး များရှိသည်။

(၂) သဘောတူညီချက်တွင် ပါဝင်သည့် နိုင်ငံအစိုးရများသည် ယင်းအခွင့်အရေးများကို ကာကွယ်ဖို့ရန် ပြည်တွင်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများအရ လိုက်နာရမည့်အချက်များကို အထူးသဖြင့် ကလေးငယ်များ နိုင်ငံမဲ့ မဖြစ်စေရန် အကောင်ထည်ဖော် ဆောင်ရွက်ရပေမည်။

ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် အပိုဒ် ၇ တွင် သိသာထင်ရှားစွာ ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရန်ဟူ၍ ကလေးသူငယ်ဆိုင်ရာ ဥပဒေကြမ်းတွင် ဖော်ပြထားသော်ငြားလည်း၊ လက်ရှိ အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်-ICJ မှ ဖတ်ရှုရခဲ့ရသည့် ဥပဒေကြမ်း ပုဒ်မ ၂၂ တွင် အောက်ပါ အတိုင်း ပါရှိပါသည်။

မွေးဖွားကြောင်းမှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် မြန်မာနိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် ရရှိစေရမည်။

လက်ရှိ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဆိုင်ရာဥပဒေ ပုဒ်မ ၁၀ တွင်လည်း အလားတူ ပြဋ္ဌာန်းချက် ပါရှိပါသည် (သို့ရာတွင် ယင်း ၁၉၉၃ ဥပဒေတွင် မွေးဖွားမှုမှတ်ပုံတင်ခွင့်ကိုမူကား အသိအမှတ်ပြုထားခြင်း မရှိပေ)။ ကလေးသူငယ်များသည် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသောအချက်များနှင့်

ကိုက်ညီမှသာလျှင် နိုင်ငံသားလျှောက်ထားခွင့်ရှိသည် ဟူ၍ အာဏာပိုင်များသည် ထိုဥပဒေပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ၁၉၈၂ ဥပဒေပါအချက်များနှင့် လက်ရှိကျင့်သုံးနေမှုမှာ "တိုင်းရင်းသား" စာရင်းထဲတွင် ပါဝင်သည့်သူများကိုသာ နိုင်ငံသားပေးလျက်ရှိသည့်အတွက် များစွာခွဲခြားဆက်ဆံမှုရှိပြီး တစ်ဖက်သတ်ဆန်လျက် ရှိနေပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် နိုင်ငံမဲ့များပေါ်ပေါက်လာစေပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၂၅%ကျော်ခန့်သည် ဥပဒေဆိုင်ရာ သက်သေခံ အထောက်အထားများ မရှိကြပါ။ ထိုအခြေအနေများက တရားဥပဒေစိုးမိုးရေးကို အားနည်းလာစေကာ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၄၇) ပါ ဥပဒေအရ "လူတိုင်း"သည် ဥပဒေရှေ့မှောက်၌ တန်းတူညီမျှရှိစေရမည် ဟူသည့်အချက်နှင့်လည်းကောင်း၊ ဥပဒေအကာအကွယ်ကို တန်းတူညီ ညီမျှစွာရယူပိုင်ခွင့် ဆိုသည့်အချက်များနှင့်လည်းကောင်း ဆန့်ကျင်လျက် ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ကလေးသူငယ်အများအပြားသည် မြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုခြင်း မခံရသည့်အတွက် ၎င်းတို့၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခံနေကြရပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လိုက်နာရမည့်အချက်များနှင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးစံနှုန်းများနှင့်လည်းကောင်း ဆန့်ကျင်လျက်ရှိသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အတော်များများသော "အခြေခံ အခွင့်အရေးများ"သည် နိုင်ငံသားများကိုသာ ပေးအပ်ထားပါသည်။ မြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုခြင်း မခံရသည့် ကလေးသူငယ်များသည် ခွဲခြားဆက်ဆံမှုရှိသည့် ဥပဒေများ၊ လက်တွေ့ကျင့်သုံးမှုများကြောင့် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်နှင့် အခြားသော မြန်မာနိုင်ငံအပေါ် စည်းနှောင်မှု ရှိသည့် နိုင်ငံတကာသဘောတူစာချုပ်များတွင်လည်း အကာအကွယ်ပေးထားသည့် ကျန်းမာရေး၊ ပညာရေး ရပိုင်ခွင့် အပါအဝင် လူ့အခွင့်အရေးအတော်များများကို လက်လှမ်းမမီစေရန် ဟန့်တားလျက်ရှိပါသည်။ လက်တွေ့အားဖြင့်လည်း နိုင်ငံသားအဖြစ်အသိအမှတ်ပြုခြင်းမခံရသော ကလေးသူငယ်များသည် လူ့အခွင့်အရေး အတော်များများကို ရရှိခြင်း မရှိကြပါ။

ယခုပုံစံအရ ဥပဒေကြမ်း ပုဒ်မ ၂၂ သည်လည်း အလားတူရလဒ်မျိုး ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် လက်ရှိ ခွဲခြားမှုများဖြစ်စေသည့် ဥပဒေများ၊ ဥပမာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုပဲ ကလေးသူငယ်တစ်ဦး၏ နိုင်ငံသားရပိုင်ခွင့်ကို အသိအမှတ်ပြု သည့် အမြင်ဖြင့်သာ ပုဒ်မ ၂၂ ကို ပြန်လည် ပြင်ဆင်ရန် မိမိတို့ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်- ICJ အဖွဲ့မှ အဆိုပြုအပ်ပါသည်။

> "မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် မြန်မာနိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေး ကို မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်နှင့်အညီ ရရှိစေရမည်။"

ဥပဒေကြမ်း၏ ရည်ရွယ်ချက်တွင် ကလေးသူငယ်များ၏အခွင့်အရေးများကို အကာအကွယ်ပေးရန် ဖော်ပြထားသည့်အတွက် လက်ရှိ ဥပဒေကြမ်းကို အတည်ပြုပြီး ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခဲ့ပါက ဥပဒေဆိုင်ရာ အခြေခံစည်းမျဉ်းများအရ ၎င်း၏ ကလေးသူငယ်အခွင့်အရေးကို အသိအမှတ်ပြုလေးစားရန် ဟူသည့် ပြဋ္ဌာန်းချက်များသည် ပြည်တွင်းဥပဒေပါ အငြင်းပွားဖွယ်ရာ ပြဋ္ဌာန်းချက်များအပေါ် လွှမ်းမိုးမှုရှိရပါမည်။ သို့သော်လည်း ရှုပ်ထွေးမှုများ မဖြစ်စေရန်နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံသဘောတရားနှင့်လည်း ကိုက်ညီမှုရှိရန် အတွက် ဥပဒေများကို ရေးဆွဲရာ၌ ရှင်းလင်း တိကျစွာ ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့ ICJ အဖွဲ့အနေဖြင့် ဥပဒေကြမ်း အပိုဒ် ၂၂ "တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ" ဟူသည့် စကားရပ်ကို ဖယ်ရှားရန် အကြံပြုအပ်ပါသည်။

**နောက်ခံအကြောင်းအရာ**

ကလေးသူငယ်ဥပဒေကြမ်းသည် ၂၀၁၁ခုနှစ်ကတည်းက ရေးဆွဲလာခဲ့ပြီး အမျိုးမျိုးသော ဥပဒေကြမ်းများလည်း ထွက်ရှိလာခဲ့ပါသည်။ ၂၀၁၉ခုနှစ် ဇွန်လ (၇) ရက်နေ့တွင်  ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ရန်အတွက်  ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတမှတ်ချက်ဖြင့်  ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ယခုအခါတွင် ဆွေးနွေးနေလျက်ရှိပါသည်။ နိုင်ငံတော်သမ္မတ၏ မှတ်ချက် (သို့) ဆွေးနွေးချက်များတွင်  ဥပဒေကြမ်း ပုဒ်မ ၂၂ ကို ထည့်သွင်းစဉ်းစားခြင်း ရှိမရှိဆိုသည်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် - ICJမှ သိရှိခြင်း မရှိပါ။ အဆိုပါဥပဒေကြမ်းကို ဇူလိုင်လလယ်တွင် ကျင်းပလာမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ထပ်မံတင်ပြလာနိုင်ဖွယ်ရှိပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပါဝင်ဆွေးနွေးလာနိုင်ဖွယ် ရှိပါသည်။ အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီး နိုင်ငံတော်သမ္မတထံ ထပ်မံပေးပို့ခဲ့ပါက၊ ထိရောက်သော ပြင်ဆင်ချက်များ ရှိမရှိပေါ်မူတည်ပြီး ယင်းဥပဒေကြမ်းမှာ ဥပဒေဖြစ်လာနိုင်ဖွယ် ရှိပါသည်။

"နိုင်ငံသားဖြစ်မှု" သည် လူတစ်ဦးတစ်ယောက်နှင့် နိုင်ငံတော်အစိုးရတို့အကြား ပတ်သက်မှုကို ဖော်ပြပေးသည့် ဥပဒေဆိုင်ရာသဘောတရားတစ်ရပ် ဖြစ်ပေသည်။ ယင်းနှင့်ဆန့်ကျင့်ဘက်ဖြစ်သည့် "နိုင်ငံမဲ့မှု" ဆိုသည်မှာကား မည်သည့်နိုင်ငံတော်အစိုးရ၏ နိုင်ငံသားမဖြစ်နေသည့် အခြေအနေမျိုး ဖြစ်ပါသည်။ "နိုင်ငံတစ်ခု၏လူမျိုး" ("nationality")၊ "လူမျိုး" ("race") သို့မဟုတ် "မျိုးနွယ်စု" ("ethnicity") စသည့် အသုံးအနှုန်းများမှာ အခြေအနေအပေါ်မူတည်ပြီး အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆို နားလည်ထားကြသည့် ယဉ်ကျေးမှု ဆိုင်ရာ သဘောတရားများဖြစ်ပေသည်။ ယင်းအသုံးအနှုန်းများကို တခါတရံ ပေါင်းစည်း၍သော်လည်းကောင်း တလှည့်စီသော်လည်းကောင်း သုံးနှုန်းကြပါသည်။ ပုံစံတစ်မျိုးတည်းဖြင့် သုံးနှုန်းပြောဆိုကြသည်တော့ မဟုတ်ပေ။ နိုင်ငံအများစုတွင် အထူးသဖြင့် ကွဲပြားခြားနားသည့် လူမျိုးပေါင်းစုံရှိသည့် နိုင်ငံမျိုးတွင် နိုင်ငံသား အခွင့်အရေးကို လူမျိုးစုအမျိုးမျိုးအပြင် "နိုင်ငံ၏လူမျိုးများ" ("nationalities")ပါ ပါဝင်စေရန် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပါသည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် "နိုင်ငံ၏လူမျိုး" ("national") သို့မဟုတ် "ဌာနေတိုင်းရင်းသား" ("indigenous") စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားခဲ့ပြီး မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာသူများ၏ ဆွေစဉ်မျိုးဆက်များ အပါအဝင် မတူညီသည့် နောက်ခံရှိသည့် လူများအား နိုင်ငံသား ဖြစ်နိုင်စေခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် လက်ရှိကျဉ်းမြောင်းသည့် နိုင်ငံသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စတင် မိတ်ဆက်ခဲ့ပြီး နိုင်ငံသားဖြစ်ခွင့်ကို သတ်မှတ်ထားသည့် "တိုင်းရင်းသားလူမျိုး" စာရင်းနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်လာခဲ့ပါသည်။ (ယင်း အသုံးအနှုန်းများကို အသေးစိတ်ရှင်းလင်းမှုကို အခန်း (၃) နှင့် အခန်း (၄) တွင် အသေးစိတ်ဖတ်ရှု နိုင်ပါသည်။)

တရားဥပဒေစိုးမိုးရေး အခြေခံစည်းမျဉ်းများနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် မည်မျှကိုက်ညီမှု ရှိသည်ကို သုံးသပ်ထားသည့် နိုင်ငံသားဖြစ်မှုအတွက် မြန်မာ့ဥပဒေမူဘောင် လေ့လာသုံးသပ်ချက် အသေးစိတ် နှင့် အကြံပြုချက်များကို "မြန်မာနိုင်ငံတွင်နိုင်ငံသားဖြစ်မှုနှင့် လူ့အခွင့်အရေး၊ ဥပဒေပြုပြင်ပြောင်းလဲရေးသည် ချက်ချင်းလုပ်ဆောင်ရန်နှင့် လုပ်ဆောင်ရန်ဖြစ်နိုင်ချေရှိခြင်း" ခေါင်းစဉ်ဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ၊၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင်- ICJ ၏ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် - ICJ အဖွဲ့သည် မိမိတို့အဖွဲ့၏ ဥပဒေကျွမ်းကျင်မှုဖြင့် ပြည်တွင်းနှင့်နိုင်ငံတကာ တရားရေးစနစ်များ ခိုင်မာလာစေရန် လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်-ICJ အဖွဲ့၏ အစီရင်ခံစာကို ၁၉၆၃ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၄ ခုနှစ် အစောပိုင်းကာလကတည်းမှစ၍ မြန်မာနိုင်ငံရှိ တရားရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ ကုလသမဂ္ဂလုပ်ငန်းစဉ်များနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

**ဆက်သွယ်ရန်။**

တရားလွှတ်တော်ရှေ့နေ ဒေါ်နှင်းဝင်းအောင် (ICJ - ဥပဒေအကြံပေး)၊ hninwin.aung@icj.org, ၀၉၄၂၈၁၂၂၇၉၄ ၊ ရှောန်ဘိန်း (ICJ - ဥပဒေအကြံပေး)၊ sean.bain@icj.org ၊ ဒေါက်တာ ဂျာဆိုင်းအိန် (ICJ - ဥပဒေသုတေသီ) jaseng.ing@icj.org။

**ဆက်စပ်ဖတ်ရှုရန်။**

အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များ ကော်မရှင်အဖွဲ့(International Commission of Jurists – ICJ) မှ ယင်းတို့၏ " မြန်မာနိုင်ငံတွင် နိုင်ငံသား ဖြစ်မှု နှင့် လူ့အခွင့်အရေး - ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေးသည် ချက်ခြင်းလုပ်ဆောင်ရန် နှင့် လုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိခြင်း" ၂၀၁၉ ခုနှစ် ဇွန်လ ၂၅ ရက်။ https://www.icj.org/wp-content/uploads/2019/06/Myanmar-Citizenship-law-reform-Advocacy-Analysis-Brief-2019-BUR.pdf